# ၁၉၅၃ ခုနှစ်၊ မူဆလင် လင်မယားကွာရှင်းရေး အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတ က၊ အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

(၃) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ လင်မယားကွာရှင်းရေးနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေတွင်ပြဋ္ဌာန်းသည့်အချက်များတွင်မှတပါး၊ အစ္စလမ် တရားဥပဒေ၏ မူလသဘောကို မထိခိုက်စေရ။ ထို့ပြင် ၎င်းပြဋ္ဌာန်းချက်များသည် လက်ထပ်ရေးနှင့်စပ်လျဉ်း၍ တရားနည်းလမ်းအရ နှစ်ဦးသဘောတူ ပြုလုပ်သည့်ပဋိညာဉ်ကိုလည်း မထိခိုက်စေရ။

၂။ ။(၁) အစ္စလမ်တရားဥပဒေအရ လက်ထပ်သောမိန်းမမှာ၊ အောက်ပါအကြောင်း တခုခုကြောင့်ဖြစ်စေ၊ တခုထက်ပိုသော အကြောင်းများကြောင့်ဖြစ်စေ၊ လင်မယားကွာရှင်းချိန် ဒီကရီရထိုက်ခွင့်ရှိစေရမည်။

(က) လင်ဖြစ်သူမည်သည့်နေရာ၌ရောက်ရှိနေထိုင်သည်ကိုမသိခဲ့ရခြင်း။

(ခ) မိမိအား လင်ဖြစ်သူက လုံလောက်သော အကြောင်းမရှိဘဲ စားစရိတ်ထောက်ပံ့ရန် ၆ လ တဆက်တည်း ပျက်ကွက်ခဲ့ခြင်း၊ သို့တည်းမဟုတ် ငြင်းဆန်ခဲ့ခြင်း။

(ဂ) လင်ဖြစ်သူသည် လုံလောက်သောအကြောင်းမရှိဘဲ တနှစ်ပတ်လုံး သံဝါသပြုရန် ပျက်ကွက်ခဲ့ခြင်း။

(ဃ) လင်ဖြစ်သူသည် လက်ထပ်စဉ်က ပန်းသေရောဂါစွဲကပ်နေသည်ပြင်၊ နောက်လည်းဆက်လက်၍ ပန်းသေရောဂါစွဲကပ်နေခြင်း။

(င) လင်ဖြစ်သူသည် တနှစ်အောက်မနည်း ပြင်းထန်စွာ စိတ်ပေါ့သွပ်သော ရောဂါစွဲကပ်နေခြင်း၊ သို့တည်းမဟုတ် လင်ဖြစ်သူသည် ပြင်းထန်သော ကုဋ္ဌနူနာ ဖြစ်စေ၊ ပြင်းထန်သောကာလသားရောဂါဖြစ်စေ စွဲကပ်နေခြင်း။

(စ) မိမိအား အရွယ်မရောက်မီ၊ မိမိ၏ဘခင် နှင့်ဘခင်၏ဘခင်မှတပါး အခြားအုပ်ထိန်းသူကလက်ထပ်ပေးခဲ့ရာ မိမိ၏လင်ယောကျ်ားနှင့် သံဝါသပြုခြင်းမရှိခဲ့လျှင်၊ အသက် ဆယ့်ငါးနှစ် မပြည့်မီ လက်ထပ်ခြင်းကိုဖျက်သိမ်းခြင်း။

(ဆ) လင်ဖြစ်သူက မိမိအားညှင်းပန်းနှိပ်စက်ခြင်း။

ညှင်းပန်းနှိပ်စက်ခြင်းဆိုသည်မှာ—

(ကက) လက်ရောက်ကျူးလွန်လေ့ရှိခြင်း၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် မိမိအား စိတ်ဆင်းရဲအောင်ပြုခြင်း၊ သို့တည်းမဟုတ်

(ခခ) မိမိအား ပြည့်တန်ဆာမ အဖြစ်သို့ရောက်အောင် အတင်းအကြပ်ပြုရန်အားထုတ်ခြင်း၊

တို့ကိုဆိုလိုသည်။

အဘိုး—၆ ပြား]

(ဇ) မိန်းမက လင်မယားကွာရှင်း ပိုင်ခွင့်ရ ရန် အကြောင်းတရပ် အဖြစ်ဖြင့်၊ အစ္စလမ် တရားဥပဒေအရ၊ အသိအမှတ် ပြုထား သော အခြားအကြောင်းတရပ်ရပ်။

(၂) ပုဒ်မခွဲ(၁)၊အပိုဒ်(က)ရှိအကြောင်းကိုအခြေပြု၍သက်ဆိုင်ရာ တရားရုံးသည် လင်ဖြစ်သူပျောက်ဆုံးနေကြောင်း ထင်ရှားသည်ဟု သဘောရရှိလျှင်၊ ကွာရှင်းခွင့် ရှေးဦး ဒီကရီချမှတ်ရမည်။ ထိုသို့ရှေးဦး ဒီကရီချမှတ်သည့်နေ့မှ လေးနှစ်ပြည့်မှီ ကွာရှင်းခွင့်အပြီးသတ်ဒီကရီကိုချမှတ်ခြင်းမပြုရ။

ခြွင်းချက်။ ။သို့ရာတွင် လင်ဖြစ်သူသည် ထိုကာလ အပိုင်းအခြား အတွင်း ကိုယ်တိုင်လာရောက်၍သော်၎င်း၊ အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်မှတဆင့်သော်၎င်း မိမိသည်၊ မိမိ၏ အိမ်ထောင်မှုဝတ်တရားများကို ဆောင်ရွက်ရန် အသင့်ရှိကြောင်းဖြင့် ဒီကရီချမှတ်သောတရားရုံးကျေနပ်အောင် အကြောင်းပြလျှောက်ထားလျှင် ထိုတရားရုံးကအဆိုပါကွာရှင်းခွင့်ရှေးဦး ဒီကရီကိုပယ်ဖျက်ရမည်။

(၃) ပုဒ်မခွဲ(၁)၊အပိုဒ်(ဃ)ရှိအကြောင်းကိုအခြေပြု၍ သက်ဆိုင်ရာ တရားရုံးသည်၊ပန်းသေရောဂါစွဲကပ်ကြောင်းထင်ရှားသည်ဟု သဘောရရှိလျှင် ရှေးဦး ဒီကရီချမှတ်ရမည်။ ထိုသို့ရှေးဦးဒီကရီချမှတ်သည့်နေ့မှ တနှစ်အတွင်း လင်ဖြစ်သူသည် ပန်းသေရောဂါပျောက်ကင်းပြီဟု တရားရုံးကျေနပ်အောင် အကြောင်းလုံလောက်စွာ ပြနိုင်လျှင်အဆိုပါရှေးဦး ဒီကရီကို ပယ်ဖျက်ရမည်။ ထိုသို့တရားရုံး ကျေနပ်အောင် အကြောင်းလုံလောက်စွာမပြနိုင်လျှင် ကွာရှင်းခွင့် ရှေးဦး ဒီကရီချမှတ်သည့်နေ့မှ တနှစ်ပြည့်သောအခါအပြီးသတ်ဒီကရီချမှတ်ရမည်။

၃။ ။ပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၊အပိုဒ်(က) အရ စွဲဆိုသည့်အမှုတွင်—

(က) အမှုကိုအများသိရှိစေရန်တရားရုံးကအများမြင်နိုင်သောနေရာတွင် တလတိုင်တိုင်ကြော်ငြာ စာကပ်ထားရမည်။

(ခ) အကြွင်းသူတို့သည် လင်ဖြစ်သူသေဆုံးခဲ့ပါမူ အမွေစား အမွေခံဖြစ်အံ့၊ ထိုသူတို့၏အမည်နှင့် နေရပ်များကို လျှောက်လွှာတွင် ဖေါ်ပြရမည်။

(ဂ) တရားရုံးကအမှုအကြောင်းနို့တစ်စာကိုအပိုဒ်(ခ)အရ လျှောက်လွှာတွင် ဖေါ်ပြသူတို့ထံသို့ပေးပို့ရမည်။ ထိုသူတို့သည်အမှုတွင် ပါဝင်ဆောင်ရွက်လျှောက်ထားနိုင်ခွင့်ရှိရမည်။

၄။ ။အိမ်ထောင်ပြုပြီးသော မူဆလင်မိန်းမတဦးက အစ္စလမ်ဘာသာကိုစွန့်လွှတ်လျှင်ဖြစ်စေ၊အခြားဘာသာသို့ကူးပြောင်းလျှင်ဖြစ်စေ၊လင်မယားကွာရှင်းပြီးဖြစ်စေရမည်။

၅။ ။ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ဤအက်ဥပဒေအရ၊လင်မယားကွာရှင်းသည့်အခါ၊ အစ္စလမ်တရားဥပဒေအရ၊ခန်းဝင်ပစ္စည်း (dower) နှင့်၊သို့တည်းမဟုတ် ခန်းဝင်ပစ္စည်း (dower) ၏တစိတ်တဒေသနှင့်စပ်လျဉ်း၍အိမ်ထောင်ပြုပြီးသော မိန်းမတဦးရထိုက်သည့်အခွင့်အရေးကိုမထိခိုက်စေရ။

ဝ၊မ၊ဗ၊စ၊—အမှတ် ၁၀၆၊ တရားရေးဝန်ကြီးဌာန၊ ၂၁-၅-၅၃—၂,၀၀၀—၂။